၂၀၁၈ ခုနှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ — ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)

မူရင်းအရေးအသားများ၊ ကိန်း(၂)မျိုး၊ နယ်ပြောင်းလဲပုံ၊ ပယတ်(၄)မျိုး၊ ဝါကျရော။

(ခ) အောက်ပါတို့မှ လေးခု ကိုရွေးချယ်၍ ဆက်စပ်ပုံအရမည်သည့်သမ္ဗန္ဓဖြစ်ကြောင်း ဖော်ပြပါ။ (၄မှတ်)

သို့မဟုတ်၊ ၍၊ ထို့ကြောင့်၊ သကဲ့သို့၊ ထို့ပြင်၊ နှင့်။

(ဂ) အောက်ပါတို့မှ ဥပမာပစ္စည်း သုံးခု ကိုဝါကျတွင်သုံးပြပါ။ (၆မှတ်)

ကဲ့သို့၊ နယ်၊ လို၊ ပမာ၊ အတိုင်း။

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု ၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)

စုံတော်ပြား၊ ဥပါယ်၊ စပျစ်၊ နံကာလ၊ နို့သစ်၊ ဆိတ်ဆိတ်၊ ရွှေတောင်၊ လူကပ်ပါး။

(ခ) အောက်ပါဝေါဟာရတို့အနက် ငါးခုကို ဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)

ဖွဲ့၊ သွေးလန့်၊ မုချ၊ အကွက်ကျ၊ မျှော်စင်၊ ပက်ပင်းမိ၊ လောကဓံ၊ အဝိစိ။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခုကို သက်ဆိုင်ရာသင်ခန်းစာများတွင် မည်သို့ သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)

မီးလောက်ရဲ(ဥပမာ)၊ ခံတွင်းမဲ့သို့(ဥပမာ)၊ လေးမင်ရေ(ရူပက)၊ မျက်နှာငွေလ(ရူပက)၊ ဘဝပါရဂူ(ဝက်ဝုတ္တိ)၊ အိုးစားဖက်(ဝက်ဝုတ္တိ)၊ ဟားဟား(မြည်သံစွဲ)၊ တောင်နယ်ပို (အတိသယဝုတ္တိ)။

၃။ (က) အောက်ပါတို့မှ ငါးခု ကိုဖြေပါ။ (၅မှတ်)

(၁) အိုင်ချင်းသည်မည်သည့်တေးကဗျာမျိုးဖြစ်သနည်း။

(၂) ဟန်ချင်းသည်မည်သည့်ကဗျာရေးဖွဲ့ပုံနှင့်တူသနည်း။

(၃) ဆရာဖေနှင့်ခေတ်ပြိုင်စာဆိုအမည်ကိုဖော်ပြပါ။

(၄) သုရဲကောင်းသုံးယောက်နှင့်ခရီးသည်ကဗျာမှသူရဲကောင်းသုံးယောက်ကိုဖော်ပြပါ။

(၅) ငွေတာရီ၏အမည်ရင်းကိုဖော်ပြပါ။

(၆) တေးထပ်တွင်ပိုဒ်ရေမည်မျှပါသနည်း။

(၇) သံဝရပျို့ကိုမည်သူရေးသနည်း။

(၈) ဆရာဇော်ဂျီသည်ရန်ကုန်တက္ကသိုလ်မှမည်သည့်ဘွဲ့များရရှိခဲ့သနည်း။

(ခ) "ဘုန်းနှင့်ကံနှင့်ရွှေသဇင်"ကဗျာမှသဇင်ပန်း၏ထူးကဲမြင့်မြတ်ပုံကိုလေ့လာတင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

"နွေဦးကာလမြူထသောခါ"ကဗျာတွင်ထန်းတက်သမားတို့၏ဘဝကိုမည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) မုန်ကန်ခြင်းနှင့်ရဲရင့်ခြင်းစကားပြေကိုမည်သူရေးသနည်း။
(၂) တိုက်စိုး၏အမည်ရင်းကိုဖော်ပြပါ။
(၃) မိခင်သောကစကားပြေကိုမည်သည့်ဇာတ်တော်မှကောက်နုတ်ထားသနည်း။
(၄) ပါမောက္ခဦးဧမောင်၏ဇာတိကိုဖော်ပြပါ။
(၅) ဦးပုည၏ဟောစာများအနက်ထိပ်တန်းကလိုက်သည့်ဝတ္ထုကိုဖော်ပြပါ။
(၆) စီးချင်းတိုက်ပွဲစကားပြေကိုမည်သည့်ခေတ်တွင်ရေးသားခဲ့သနည်း။
(၇) အမျိုးသားနေ့ကိုဖော်ပြပါ။
(၈) "ငါမအိုသေး" ဟုမိန့်ကြားသောမင်းကားမည်သူနည်း။

(ခ) "မြန်မာမှု"စကားပြေမှ မှတ်သားဖွယ်ရာများကိုလေ့လာတင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

"နိဗ္ဗာန်ဆော်"စကားပြေမှအရှင်ဦးမြန်မာ့ရပ်ရွာဓလေ့များကိုမည်သို့သရုပ်ဖော်တင်ပြထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"တောင်ကြုံမြောက်ကြုံ၊ ဘရုံတောက်တီး၊ ဆင်းရဲခန်းကို၊ နိဒါန်းသွယ်လို့၊ဘယ့်နယ်ပင်ညည်းသော်လည်း၊ ဆန်နီးမယ်မဟုတ်၊ ရေကြပ်ကြပ်ရောင်းနိုင်မှ ပြောင်းဆန်ကိုကုပ်မိမယ်"။

(ခ) ရေသည်ယောက်ျားနှင့်ရေသည်မိန်းမတို့တွေ့ဆုံပုံ(သို့မဟုတ်)ရေသည်အိမ်ရှေ့မင်းသားသံဝေဂရပုံကိုတင်ပြပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် တစ်ခု ကိုပေးထားသောပုံကြမ်းနှင့်အညီစာစီကုံးပါ။ (အမှတ်၂၀)

(က) မိုးဝသန်
မိုးရာသီရောက်လာပုံ၊ မိုးရွာခါနီးအခြေအနေ၊ မိုးရွာလာပုံ၊ သစ်ပင်၊လယ်ကွင်း၊ မြစ်ချောင်းတို့၏ရှုခင်းများ၊ ပန်းများပွင့်ကြပုံ၊ ပွဲလမ်းသဘင်များကျင်းပပုံ၊ ဝသန်ကာလ၏ ကောင်းကျိုးပြုပုံ။

(ခ) အားကစားနှင့်လူငယ်
အားကစားဟူသည်၊ အားကစားနည်းအမျိုးမျိုး၊ အားကစားစိတ်ဓာတ်နှင့်အကျိုးကျေးဇူး၊ လူငယ်များအားကစားလိုက်စားသင့်ပုံ၊ အားကစားဖြင့်တိုင်းပြည်ဂုဏ်ဆောင်နိုင်ပုံ၊ အတွေးအမြင်နှင့်သုံးသပ်ချက်။

(ဂ) မိတ်ဆွေစစ်
မိတ်ဆွေစစ်ဟူသည်၊ မိတ်ဆွေများစွာရှိကြသော်လည်းမိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ရှားပါးပုံ၊ မိတ်ဆွေစစ်ရှိရန်အရေးကြီးပုံ၊ လိုအပ်ပုံ၊ မိတ်ဆွေစစ်ကြောင့်ရရှိသောအကျိုးကျေးဇူးနှင့်မိတ်ဆွေတုကြောင့်ရရှိသောအကျိုးမဲ့ပုံများ။